

# ဆိုတာဘာလဲ ?

ရွှေ့ပြောင်းနေထိုင်ခြင်းသည် နိုင်ငံအတွင်းတွင်ဖြစ်စေ၊ အခြားနိုင်ငံရပ်ခြားသို့ဖြစ်စေ မိမိ မူလနေထိုင်သော နေရာမှ အခြားနေရာသို့ ပြောင်းရွှေ့ နေထိုင်ခြင်းကို ဆိုလိုသည်။

## ရွှေ့ပြောင်းနေထိုင်ခြင်း ပုံစံများ ။

ဖိအားပေးခံရ၍ ရွှေ့ပြောင်းနေထိုင်ရခြင်းသည် ဒုက္ခသည်များနှင့် နိုင်ငံတွင်းအိုးအိမ်မဲ့ဖြစ်နေသော သူများ (မိမိနေရပ်အတွင်းဖြစ်ပေါ်သော ပဋိပက္ခများကြောင့် အိုးအိမ်မဲ့ရခြင်း) ထို့အပြင် သဘာဝဘေးအန္တရာယ်၊ နျူးကလီးယားဘေးအန္တရာယ် သို့မဟုတ် ဖွံ့ ဖြိုးတိုးတက်မှုဖြစ်စေရန် ဆောင်ရွက်သော စီမံကိန်းများကြောင့် ရွှေ့ ပြောင်းရခြင်းကို ဆိုလိုခြင်းဖြစ်သည်။

စိတ်ဆန္ဒအလျောက် ရွှေ့ပြောင်းနေထိုင်ခြင်းသည် မိမိ၏ စိတ်သဘောဆန္ဒဖြင့် ရွှေ့ပြောင်းနေထိုင် ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

## ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက် မလုပ်ကိုင်မီ စစ်ဆေးရမည့်အရာများ။

- နိုင်ငံကူးလက်မှတ် (ပါတ်စ်ပို့)
- ဗီဇာ
- အလုပ်လုပ်ခွင့်
- အလုပ်စာချုပ်

## ရွှေ့ပြောင်းနေထိုင်ခြင်း ဖြစ်ပေါ်ရခြင်း၏ ဆွဲအားနှင့် တွန်းအားများ

### ဆွဲအားပေးသော အရာများ

- စီးပွားရေးတိုးတက်မှု
- အလုပ်အကိုင်အခွင့်အလမ်းများ
- အချို့သော နေရာများတွင် အလုပ်သမားအင်အားများစွာခေါ် ယူခြင်း။ ဥပမာ ဆောက်လုပ်ရေး၊ ရေထွက်ကုန် လုပ်ငန်းများ။
- မိသားစု ပြန်လည်ပေါင်းစည်းခြင်း

### တွန်းအားပေးသော အရာများ

- အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း
- နိုင်ငံရေး။ ဘာသာရေးနှင့် နိုင်ငံတွင်း ပဋိပက္ခများ
- ဘဏ္ဍာရေး အကြပ်အတည်း
- သဘာဝဘေးအန္တရာယ်များ

## တရားဝင် နှင့် တရားမဝင် ရွှေ့ ပြောင်းနေထိုင်ခြင်း

### တရားဝင်ရွှေ့ပြောင်းခြင်း

- တရားဝင် ဝင်ရောက်ခြင်း
- နေထိုင်ခွင့်
- တရားဝင်အလုပ် လုပ်ခွင့်ရခြင်း
- ထိုင်းနိုင်ငံ၏ အလုပ်သမား ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုရခြင်း၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့် ရှောက်မှုများ ရရှိခြင်း

### တရားမဝင်ရွှေ့ ပြောင်းနေထိုင်ခြင်း

- တရားမဝင် ဝင်ရောက်ခြင်း
- တရားမဝင် နေထိုင်ခြင်း
- တရားမဝင် အလုပ် လုပ်ကိုင်ခြင်း
- ဖမ်းဆီးခံရခြင်းနှင့် ပြန်လည်ပို့ဆောင်ခံရခြင်း

Supported by UN Women in collaboration with Rights Beyond Border

Facebook page:
Rights Beyond Border

[1] International Migration Law: Glossary on Migration, IOM 2019

[2] http://www.columbia.edu/itc/hs/pubhealth/modules/forcedMigration/definitions.html

[3] Understanding Large movement of refugee and migrants, IOM 2016

# ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း အကြောင်းအရင်းနှင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ အကျိုးဆက်များ

ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုသည်မှာ အန္တရာယ်ရှိသောအရာဖြစ်နိုင်သကဲ့သို့ လူကုန်ကူးမှုနှင့် ဆက်စပ်သက်ဆိုင်သော အခွင့်အရေးချိုးဖောက်ခံရသည့် ပုံစံကဲ့သို့ ဦးတည်သွားနိုင်ပါသည်။ ၎င်းပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာနေထိုင်ကြသည့် ရွှေ့ပြောင်းအလုပ်သမားများထဲတွင် အထူးသဖြင့် အမျိုးသမီးနှင့် ဆယ်ကျော် သက်မိန်းခလေးများသည် အလုပ်သမားအခွင့်အရေး ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် လူကုန်ကူးမှုခံရနိုင်သော အန္တရာယ်ကျရောက်နိုင်သည့် ပစ်မှတ်အုပ်စုဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးအများစုမှာ ပုံမှန်မဟုတ် သောရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနည်းလမ်း ကိုရွေးချယ်အသုံးပြုခြင်းဆန္ဒရှိကြသည်မှာ ၎င်းတို့၏ အမျိုးသားမိသားစုဝင်များအတွက် ငွေကြေးထောက်ပံ့မှု တစုံတရာလုပ်ဆောင်ပေးနိုင်ရန် ငွေကိုချွေတာ စုဆောင်းလိုခြင်းကြောင့် ဖြစ် သည်။ အဘယ်အကြောင့်ဆိုသော် အမျိုးသမီးထုအနေနှင့် ယုံကြည်လက်ခံထားသည်မှာ မိမိတို့၏အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို၍ဝင်ငွေကိုရှာဖွေနိုင်ခြင်းကြောင့် ဖြစ်သည်။



## ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများ

- ပုံမှန်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းလုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်များပြားခြင်း။
- ငွေရေးကြေးရေး အခက်အခဲကြုပ်တည်းခြင်း။
- လက်မှတ်အထောက်အထား ပြနိုင်မှု မရှိခြင်း။
- လုံခြုံသောရွှေ့ပြောင်းသွား လာနေထိုင်မှုဆိုင်ရာ သတင်းအချက်အလက်ရယူရန် လက်လှမ်းမမီခြင်း။

## ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် အလုပ်ဌားရမ်းမှုဆိုင်ရာပုံစံများ

ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးနှင့် ဆယ်ကျော်သက်မိန်းခလေးများသည် မိမိတို့ တရားဝင်လက်မှတ် ထောက် အထားမရှိခြင်းနှင့် လုပ်ငန်းခွင်နယ်ပယ်များတွင် အလုပ်သမားပြတ်လပ်မှုပြဿနာမြင့်မားနေသည့်အတွက် လုပ်ငန်းခွင် အတွင်းအတွေ့အကြုံမရှိသောလုပ်သားများဖြစ်သည့် အိမ်ဖော်လုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းစသည့် လုပ်ငန်းခွင်ထဲ သို့သာဝင်ရောက်လုပ်ကိုင်လိုသည့်ဆန္ဒရှိကြသည်။

- တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော အသေးစားစက်ရုံလုပ်ငန်းများ။
- အိမ်ဖော်လုပ်ငန်း။
- စိုက်ပျိုးရေးလုပ်ငန်း။
- အမှိုက်ပုံတွင်း၌ လုပ်ကိုင်ရသောလုပ်ငန်း။
- အဂတ်လျှော်ဆိုင်လုပ်ငန်း။

## ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာနေထိုင်ကြသည့် အမျိုးသမီးနှင့် ဆယ်ကျော်သက်မိန်းခလေးများမှ အဓိက တွေ့ကြုံရင်ဆိုင်ရသော နောက်ဆက်တွဲအကျိုးဆက်များ

- လိင်ကွဲပြားမှုပေါ်အခြေခံပြီး လုပ်ခလစာကွာဟခြင်း။
- အခြေခံအနည်းဆုံးလုပ်အားခထက် နည်းပါးစွာရရှိခြင်း။
- အတင်းအကြပ်လုပ်အားခိုင်းစေခံရခြင်း။
- လူကုန်းကူးမှုသားကောင်ဖြစ်ရခြင်း။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း။
- လူမှုရေးနှင့် ဥပဒေကာကွယ်မှု မရရှိခြင်း။




Supported by UN Women in collaboration with Rights Beyond Border

Facebook page:
Rights Beyond Border



# လူကုန်ကူးမှုဆိုသည်မှာ ဘာလဲ?

လူကုန်ကူးမှုဆိုသည်မှာ လူစုဆောင်းရှာဖွေခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့အား ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမှုလုပ်ဆောင်ခြင်း ဖြစ်သည်။ ဥပမာ - အတင်းအကြပ်စည်းရုံးသိမ်းသွင်းခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် ဖျားယောင်းသွေးဆောင်ခြင်းတို့ ဖြစ်သည်။

## လူကုန်ကူးခံသည့် အဓိကကျသော အကြောင်းအရင်း ၃ မျိုး -



လိင်ကဲ့ပြားမှုအပေါ် အခြေခံပြီး လူကုန်ကူးခံရခြင်း။



အတင်းအကျပ် အလုပ်ခိုင်းစေခံရခြင်း။



အကြွေးမဆပ်နိုင်သည့်အပေါ် ငွေကျေးကျွန်အဖြစ်သိမ်းပိုက်ပြီး ခိုင်းစေခံရခြင်း။

## နိုင်ငံတကာ ကိန်းဂဏန်း အချက်အလက်အရ

- နိုင်ငံတကာ လူကုန်ကူးခံရသည့်သူများထဲတွင် ၇၁ ရာခိုင်နှုန်းသောသူများသည် အမျိုးသမီးနှင့် သက်ငယ် မိန်းခလေးငယ်များ ဖြစ်သည်။
- လူကုန်းကူးခံရသည့် အမျိုးသမီးနှင့် သက်ငယ်မိန်းခလေးငယ်များတွင် ၄ ဦး အနက် မှ ၃ ဦးသည် လိင်ပိုင်း ဆိုင်ရာအမြတ်ထုတ်ပြီး လူကုန်းကူးခံရသူများ ဖြစ်သည်။

## ထိုင်းနိုင်ငံ ကိန်းဂဏန်းအချက်အလက်အရ

- ၂၀၁၈ ခုနှစ် ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရသောအမှု စုစုပေါင်းမှာ ၂၂၆ မှု ရှိသည်။
- ၎င်းလူကုန်ကူးခံရသူများထဲတွင် မှန်းချေ ၇၇ ရာခိုင်နှုန်းသည် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရခြင်းနှင့် ၁၆ ရာခိုင်နှုန်းသောသူများသည် အတင်းအကြပ်အလုပ်ခိုင်းစေခံရသောအမှုများ ဖြစ်သည်။

## လူကုန်ကူးခံရခြင်း၏ သွင်ပြင်လက္ခဏာများ

၁။ သင်၏ လှုပ်ရှားသွားလာမှုအား ထိန်းချုပ်ခံရခြင်း (လွတ်လပ်စွာ လှုပ်ရှားသွားလာမှုအား တားမြစ်ပိတ်ပင်ခံရခြင်း)

၂။ သင်၏ လက်မှတ်၊ ပတ်ပို့ (စ်) သို့ မဟုတ် စာရွက်စာတမ်း အထောက်အထားများအား အလုပ်ရှင် သို့ မဟုတ် ပွဲစားများမှ သိမ်းယူထားခြင်း

၃။ သင့်တွင် သင့်နာမည်နှင့်မဟုတ်သော လက်မှတ်၊ ပတ်ပို့ (စ်) သို့ မဟုတ် ခရီးသွား စာရွက်စာတမ်းအထောက်အထားများ လွဲမှားစွာရှိနေခြင်း

၄။ လုပ်အားခ အကျိုးခံစားခွင့်မရှိခြင်း

၅။ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် လုံခြုံစိတ်ချရမှုမရှိသော နေရာတွင် အလုပ်လုပ်ကိုင်ရခြင်း

၆။ အလုပ် သို့ မဟုတ် မိမိနေထိုင်သော တည်နေရာ၊ လိပ်စာအား မသိခြင်း

၇။ လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသည့်အချိန်ထက် ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်း

၈။ သင့်မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် အဆက်အသွယ်ပြုလုပ်မှုကို ကန့် သတ်ထားခြင်း

## မိမိကိုယ်တိုင် လူကုန်ကူးမှုခံရသောသားကောင်အဖြစ်မှ ကင်းဝေးရန်ဘယ်လိုကာကွယ်မလဲ?

- လုံခြုံသောရွှေ့ပြောင်းသွားမှုနည်းလမ်းကို ရွေးချယ်အသုံးပြုခြင်း။
- ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်သမားမှတ်ပုံတင်ခြင်းဆိုင်ရာနည်းလမ်းကိုအသုံးပြုခြင်း။
- မိမိကိုလိုအပ်သည်ထက်ပိုမိုမက်လုံးပေးပြီးဆွဲဆောင်နေသော လုပ်ငန်းခွင်အခွင့်အလမ်းအား သတိထား ရှောင်ကြဉ်ခြင်း။
- မိမိအနေဖြင့် လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ချက်မချမီ အလုပ်ရှင်သူဌေးနှင့် ဒွားရမ်းချုပ်ဆိုမည့် စာချုပ်အကြောင်းအရာနှင့် ဘယ်လိုလုပ်ငန်းမျိုးကိုလုပ်ဆောင်ရမည့် လုပ်ငန်းအမျိုးအစား တို့ကို သေချာစွာလေ့လာဖတ်ရှုရန်။
- အင်တာနက်မှတဆင့် မိမိကို စေ့စပ်ရန်အတွက်ကမ်းလှမ်းခြင်းနှင့် လက်ထပ်ထိမ်းမြားရန်ကမ်းလှမ်းလာသည့် အရာများအား သတိထားရှောင်ကြဉ်ရန်။
- မိမိ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့်ပါမစ်တို့အား မိမိနှင့် ကိုယ်နဲ့မကွာ တပါးတည်းယူဆောင်ထားရန်။
- မိမိနေထိုင်အလုပ်လုပ်ကိုင်နေသော အိမ်လိပ်စာနှင့် အခြေအနေတို့အား မိမိ၏ မိသားစု၊ ဆွေမျိုး သို့မဟုတ် သူငယ်ချင်းများထံ အဆက်အသွယ်ပုံမှန်လုပ်ဆောင်ရန်။

အကယ်၍ သင့်အနေနှင့် လူကုန်ကူးခံရနိုင်သည့် အခြေအနေသို့ ကျရောက်ခြင်း သို့မဟုတ် တစ်စုံတစ်ဦးမှ လူကုန်ကူး ခံရနိုင်သောအခြေအနေ၊ အနေအထားတစ်ခုကို သံသယရှိပါက ကျေးဇူးပြုပြီး ယခုပေးထားသော တစ်နေရာတည်း တွင်ဝန်ဆောင်မှုအပြည့်အဝကူညီပေးနေသော အရေးပေါ်ဖုန်းနံပတ် ၁၃၀၀ (၂၄ နာရီပတ်လုံး) သို့ ဖုန်းခေါ်ဆိုနိုင်ပါ သည်။

လူမှုကယ်ဆယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာထားရေးဝန်ကြီးဌာနရှိ လူမှုအကူအညီပေးရေးစင်တာသို့ ၂၄ နာရီပတ်လုံး အရေးပေါ်ဝန်ဆောင်မှုပေးနိုင်သည့် ၁၃၀၀ ဖုန်းနံပါတ်ကို တည်ထောင်ဖွင့်လှစ်ထားပေးပါသည်။ ဝန်ဆောင်မှုပေးနေသောအရာများမှာ တိုင်ကြားလာသည့်အမှုအားလက်ခံခြင်း၊ လူမှုရေးပြဿနာများအား ကူညီဖြေရှင်း ပေးနိုင်ရန်သတင်းအချက်အလက်မျှဝေပေးခြင်း၊ လူမှုရေးပြဿနာများအား လက်ခံကူညီဆောင်ရွက်ပေးသည့် ဝန် ဆောင်မှုများမှာ - အမျိုးသမီးနှင့် သက်ငယ်မိန်းခလေးငယ်များမှအကြမ်းဖက်ခံရသူများ၊ အိမ်တွင်းအကြမ်းဖက်ခံရသူ များ၊ကလေးသူငယ်အကြမ်းဖက်ခံရသောသူများနှင့် လူကုန်ကူးခံရသူများ ဖြစ်သည်။ ထို့ပြင် ၎င်းလူမှုအကူအညီပေး ရေးစင်တာမှ ပိုမိုကျယ်ပြန့်သောဝန်ဆောင်မှုလုပ်ဆောင်ပေးနေသည်မှာ အမျိုးသမီးများအတွက် မည်သည့် ဘာသာ၊ လူမျိုးမခွဲခြားဘဲ၊ တရားဝင်လက်မှတ် အထောက်အထားရှိသူဖြစ်စေ၊ မရှိသူဖြစ်ပါစေ မည်သူမဆို အားပေးနှစ်သိမ့် ဆွေးနွေးပေးနိုင်ခြင်းနှင့် အရေးပေါ်နားခိုနိုင်သည့်ဂေဟာ စသောဝန်ဆောင်မှုအကူအညီပေးစွမ်းနိုင်မှုများလုပ်ဆောင် ပေးလျက်ရှိပါသည်။

Supported by UN Women in collaboration with Rights Beyond Border

Facebook page: Rights Beyond Border

[1] https://interactive.unwomen.org/multimedia/infographic/violenceagainstwomen/en/index.html#trafficking-2

[2] http://www.caht.ago.go.th/index.php/33/2-uncategorised/81-trafficking-statistic-2018

# လိင်ကွဲပြားမှုအပေါ် အခြေခံသည့်ကွဲပြားခြားနားခြင်းနှင့်
# ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအကြား ဆက်နွယ်ပတ်သက်နေခြင်း

အမျိုးသမီးထုအများစုသည် အာစီယံနိုင်ငံများအပါအဝင် ထိုင်းနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် အဓိက လုပ်ဆောင်ပေးနေသောသူများ ဖြစ်သည်။ ယခုကာလတွင် အမျိုးသမီးထုအနေနှင့် မိမိတို့၏အခွင့်အရေးကို လက်တွေ့ကျင့်သုံးလာကြသည်မှာ အမျိုးသားများအပေါ် စီးပွားရေးအရမှီခိုသည့်အနေအထားတစ်ရပ်မှ အမှီအခိုကင်းမဲ့ပြီးမိမိကိုယ်ပိုင်ဝင်ငွေရှာဖွေရပ်တည်လာနိုင်သော ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားအသွင်သို့ ကူးပြောင်းလာကြ ပါသည်။

## လိင်ကွဲပြားမှုအပေါ် အခြေခံသည့်ကွဲပြားခြားနားခြင်းနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအကြောင်းအား နားလည်သဘော ပေါက်စေရန် လေ့လာခြင်း

- ရွှေ့ပြောင်းအလုပ်သမားအမျိုးသားနှင့် အမျိုးသမီးအပေါ် အကျိုးသက်ရောက်မှုကွဲပြားခြားနားရခြင်းမှာ၎င်းတို့၏ ရွှေ့ပြောင်းသွားမှုပုံစံနှင့် အခြေအနေတို့ကြောင့် ဖြစ်သည်။
- ရွှေ့ပြောင်းသွားလာခြင်းသည် လိင်ကွဲပြားမှုအပေါ် အခြေခံသည့်ဘောင်ခံထားမှုအား ပိုမိုတိုးတက်ခိုင်မာလာစေရန်တွန်းအားပေး ဖော်ဆောင်နေခြင်းဖြစ်သလိုနှင့် ၎င်းသည် အမျိုးသမီးထုများ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင်ပါဝင်ခွင့်ရရန် ကန့်သတ်နေသည့်အရာ ဖြစ်သည်။
- ရွှေ့ပြောင်းသွားလာခြင်းသည် အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများ လိုအပ်မှုပိုမိုမြင့်မားလာစေရန် ဖန်တီးလုပ်ဆောင်နေသည့်အရာဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးအလုပ်သမားလိုအပ်မှုမြင့်မားသည့်နေရာများမှာ အိမ်ဖော်နှင့် ကလေးထိန်းလုပ်ငန်း၊ စားပွဲထိုးလုပ်ငန်းနှင့် လိင်လုပ်သားများ ဖြစ်ကြသည်။

## ရွှေ့ပြောင်းသွားလာမှုဆိုင်ရာထဲမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ

- အတင်းအကြပ်လုပ်အားပေး စေခိုင်းခံရခြင်း။
- လူကူးကုန်ခံရခြင်း။
- လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရခြင်း။
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရခြင်း။
- လုပ်ငန်းခွင်အတွင်း အကြမ်းဖက်ခံရခြင်း။
- လွတ်လပ်စွာလှုပ်ရှားသွားလာမှုအား ကန့်သတ်ခံရခြင်း။
- ရသင့်ရထိုက်သော အခြေခံအခွင့်အရေးထဲမှ ဝန်ဆောင်မှုအကူအညီများနှင့် ဥပဒေကာကွယ်မှုရရှိခံစားရန် ကန့်သတ်ပိတ်ပင်ခံရခြင်း။

## ၂၀၁၈ ခုနှစ် မယ်ဆောက်ဆေးရုံကြီး အရေးပေါ် အကူအညီပေးရေးစင်တာမှ ပြုစုထားသောကိန်းဂဏန်းအရ

- ၉၀ ရာခိုင်နှုန်းသော အကူအညီလာရောက်တောင်းခံသူများမှာ အမျိုးသမီးများဖြစ်သည်။
- ၆၄ ရာခိုင်နှုန်းမှာ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမား ဖြစ်သည်။
- ၅၁ ရာခိုင်နှုန်းမှာ လိင်ပိုင်းဆိုင်ရာစော်ကားခံရသူများ ဖြစ်သည်။
- ၄၄ ရာခိုင်နှုန်းမှာ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများ ဖြစ်သည်။
- ၅ ရာခိုင်နှုန်းမှာ ကလေးအကြမ်းဖက်ခံရသူများ ဖြစ်သည်။

## သက်ငယ်မိန်းခလေးနှင့် အမျိုးသမီးအပေါ် အကြမ်းဖက်မှုပပျောက်စေရန် အသိပညာပေးတွန်းအားပေး လုပ်ဆောင် ခြင်းနှင့် အကြမ်းဖက်ခံရသူများကို ပြန်လည်ပြုစုပျိုးထောင်အကူအညီပေးနေသည့် အဖွဲ့အစည်းများ

**တစ်နေရာတည်းတွင်ဝန်ဆောင်မှုအပြည့်အဝကူညီပေးနေသော အရေးပေါ် ဖုန်းနံပတ် ၁၃၀၀ (၂၄ နာရီပတ်လုံး)**

**တ(ခ်)ခရိုင် လူမှုကာယ်ဆယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေချထားရေးရုံး (ဖုန်း - ၀၅၅ - ၅၁၁-၄၅၂)**

- တိုင်ကြားလာသည့်အမှုများအား ပုလိပ် (ရဲစခန်း) သို့ ချိတ်ဆက်လွှဲပြောင်းမှုလုပ်ဆောင်ပေးခြင်း။
- အကူအညီလိုအပ်နေသူများအတွက် နားခိုရာဂေဟာသို့ဆက်သွယ်အကြောင်းကြားပေးခြင်း။

**မယ်ဆောက်ဆေးရုံကြီး အရေးပေါ် အကူအညီပေးရေးစင်တာ (၀၈၅-၆၄၉-၁၃၁၁ သို့မဟုတ် အရေးပေါ် ဖုန်းနံပတ် ၁၆၆၉)**

- ကျန်းမာရေးဆေးစစ်ချက်လုပ်ဆောင်ပေးခြင်း။
- အမှုကို ပုလိပ် (ရဲစခန်း) သို့တိုင်ကြားပေးခြင်း။

**အမျိုးသမီးဖောင်ဒေးရှင်း (၀၈၈-၆၂၇-၇၁၅၁)**

- ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို အကြံပြုမှုလုပ်ဆောင်ပေးခြင်း။
- လူမှုအသိုင်းအဝန်းထဲရှိ ဘာသာရေးခေါင်းဆောင်များထံသို့ ချိတ်ဆက်ပြီး ပြန်လည်ရင်ကြားစေ့မှု လုပ်ဆောင်ပေးခြင်း။

**အမျိုးသမီးလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု/အိမ်တွင်းအကြမ်းဖက်မှုကူညီဖြေရှင်းပေးသည့် ကွန်ယက် (၀၅၅ - ၅၄၄-၀၄၇ သို့မဟုတ် ၀၉၅- ၆၄၃-၆၂၂၆)**

- ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို အကြံပြုမှုလုပ်ဆောင်ပေးခြင်းနှင့် ရှေ့နေဝန် ဆောင်မှုပေးခြင်း။
- အမှုကို ကြားဝင်စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း။

**အလုပ်သမားဥပဒေဆိုင်ရာကူညီဆောင်ရွက်ပေးသည့်ရုံး (၀၅၅ -၅၃၅-၉၉၄)**

- ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို အကြံပြုမှုလုပ်ဆောင်ပေးခြင်းနှင့် ရှေ့နေဝန် ဆောင်မှုပေးခြင်း။



Supported by UN Women in collaboration with Rights Beyond Border

Facebook page: Rights Beyond Border